ပုံစံ(၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

**{နည်းဥပဒေ ၂၃(စ)}**

**ခုံအဖွဲ့**

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် ( ၂/၂၀၁၄ )

| | |
|---|---|
| ဦးလှသိန်းထွန်း(ဆိုဒ်တာဝန်ခံ)<br>LEO Group ဆောက်လုပ်ရေးကုမ္ပဏီ<br>အမှတ်(၃၃၈၄)၊ ပုဂံလမ်း၊ ရတနာသိဒ္ဓိရပ်ကွက်၊<br>ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်<br>ကောင်စီနယ်မြေ။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးစိန်ရွှေဝင်း(အလုပ်ရှင်)<br>LEO Group ဆောက်လုပ်ရေးကုမ္ပဏီ<br>တိုက်(၁၂)၊ ပထမထပ်၊ (၁၄၈)လမ်း၊<br>ပျားရည်ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇန္နဝါရီလ ၂၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ (၁၄၈)လမ်း၊ ပထမထပ်၊ တိုက်အမှတ်(၁၂)ရှိ LEO Group ဆောက်လုပ်ရေးကုမ္ပဏီ လုပ်ငန်းပိုင်ရှင် ဦးစိန်ရွှေဝင်းနှင့် အလုပ်သမား (ဆိုဒ်တာဝန်ခံ) ဦးလှသိန်းထွန်းတို့ဖြစ်ပွားသော အငြင်းပွားမှုကို ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၁၃/၂၀၁၃) ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိသဖြင့် နစ်နာ၍တောင်းဆိုသူဘက်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသည့်အမှုကို စစ်ဆေးကြားနာနိုင်ရန် ခုံသမာဓိကောင်စီ၊ အမှုအမှတ်(၂/၂၀၁၄)ဖြင့် ဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ အဖွဲ့ဝင်

21/1/2014 21-1-2014

ဦးထွန်းအေး၊ အဖွဲ့ဝင် ဦးဇော်ဝင်းထွန်းတို့ပါဝင်သော ခုံအဖွဲ့ကို အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာန၏ ၁၄. ၁.၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၄)ဖြင့်ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ အထက်အပိုဒ်(၁)ပါတာဝန်ပေးချက်အရ ကျွန်ုပ်တို့ခုံအဖွဲ့သည် လက်ခံရရှိသော အမှုတွဲများ၊ တင်ပြချက်များ၊ လျှောက်လဲချက်များကို လေ့လာစိစစ်သုံးသပ်၍ အောက်ပါကောက်ချက်များကို ရေးဆွဲခြင်း၊ သုံးသပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့ကို ဆောင်ရွက်လိုက်သည်။

<u>ကောက်ချက်အမှတ်(၁)</u>။ အလုပ်သမား ဦးလှသိန်းထွန်း၏ လုပ်အားခကျန်ငွေရလိုကြောင်း တင်ပြသည့်ကိစ္စ။

<u>သုံးသပ်ချက်အမှတ်(၁)</u>။ (က) <u>ဦးလှသိန်းထွန်းသည် LEO Group ဆောက်လုပ်ရေးကုမ္ပဏီ လုပ်ငန်းပိုင်ရှင် ဦးစိန်ရွှေဝင်း၏ ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းများနှင့်ပတ်သက်တာဝန်ယူဆောင်ရွက်ရသည့် အလုပ်သမားတစ်ဦး ဟုတ်/မဟုတ်သုံးသပ်ခြင်း-</u>

ဦးလှသိန်းထွန်းသည် Home Sweet Home ကုမ္ပဏီ လီမိတက်နှင့် ၎င်း၏ဌာနခွဲတစ်ခုဖြစ်သည့် LEO Group ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းတွင် (၁၄.၁၂.၂၀၁၁)ရက်နေ့မှ စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီးကုမ္ပဏီလုပ်ငန်းများကိုဆောင်ရွက်ခြင်းမှ (၂၀.၅.၂၀၁၃)ရက်နေ့တွင် ၎င်း၏သဘောအလျောက် အလုပ်မှထွက်ခဲ့ကြောင်း၊ ကုမ္ပဏီပိုင်ရှင်မှ ထုတ်ပစ်ခြင်းမဟုတ်ကြောင်းကို ခုံသမာဓိအဖွဲ့၊ အဖွဲ့ခွဲမှကြားနာစစ်ဆေးရာတွင် ထွက်ဆိုခဲ့ကြောင်း စိစစ် သုံးသပ်တွေ့ရှိသည်။

LEO Group ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းမှ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများဖြစ်သော -

- ရန်ကုန်မြို့၊ လှိုင်မြို့နယ်ရှိ ကားဝပ်ရှော့ အဆောက်အဦ(၁)လုံး၊
- ပဲခူးမြို့၊ ဗိုလ်ချုပ်လမ်းရှိ ဟိုတယ် (၁)လုံးတည်ဆောက်ခြင်းများတွင် လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ၌ ပစ္စည်းဝယ်ယူမှုနှင့် လုပ်အားအတွက်ပေးချေရမည့် အသုံးစရိတ်များကို တာဝန်ယူရှင်းလင်းဆောင်ရွက်ရခြင်း၊
- နေပြည်တော်ရှိ ဥတ္တရသီရိမြို့နယ်တွင် ပုဂံလမ်း၊ ခတ္တာလမ်းနှင့် တီးတိန်လမ်း ရှိနေအိမ်အဆောက်အဦများဆောက်လုပ်ခြင်းနှင့် အလှဆင်ခြင်းလုပ်ငန်း၊

တို့ကို စီမံဆောင်ရွက်ရာတွင် ရန်ကုန်မြို့ရှိကုမ္ပဏီက [illegible]ငွေလွှဲဘဏ်မှ တစ်ဆင့်လွှဲပို့လာသော ငွေများကို ဦးလှ

သိန်းထွန်းမှ ပင်တိုင်လက်ခံရယူဆောင်ရွက်ခဲ့ရသူ ဖြစ်ကြောင်းကို အောက်ပါအထောက်အထား စာရွက်စာတမ်းများတွင် တွေ့ရှိရသည်-

ရန်ကုန်မြို့ မင်္ဂလာဈေး ကမ္ဘောဇဘဏ်ဌာနခွဲမှ ပဲခူးကမ္ဘောဇ ဘဏ်ဌာနခွဲသို့ ငွေလွှဲပေးပို့ခဲ့သည့် ငွေဖြတ်ပိုင်းစာရင်း

| ရက်စွဲ | လွှဲငွေ | ငွေလွှဲသူ | လွှဲငွေလက်ခံသူ |
|---|---|---|---|
| ၁၄.၈.၂၀၁၂ | ၅၀၇၀၀၀ဝိ/- | မစောမြတ်သူ | ဦးလှသိန်းထွန်း |
| ၂၁.၈.၂၀၁၂ | ၁၀၀၀၀၀ဝိ/- | မစောမြတ်သူ | ဦးလှသိန်းထွန်း |
| ၂၈.၈.၂၀၁၂ | ၂၀၀၀၀ဝိ/- | မစောမြတ်သူ | ဦးလှသိန်းထွန်း |
| ၁၇.၉.၂၀၁၂ | ၇၀၀၀၀ဝိ/- | မခိုင်သင်ဇာမွန် | ဦးလှသိန်းထွန်း |

ရန်ကုန်မြို့ မင်္ဂလာဈေးကမ္ဘောဇဘဏ်ဌာနခွဲမှ နေပြည်တော် ကမ္ဘောဇဘဏ်ဌာနခွဲသို့ငွေလွှဲပေးပို့ခဲ့သည့်ငွေဖြတ်ပိုင်းစာရင်း

| ရက်စွဲ | လွှဲငွေ | ငွေလွှဲသူ | လွှဲငွေလက်ခံသူ |
|---|---|---|---|
| ၂၈.၁၂.၂၀၁၂ | ၄၃၄၂၅ဝိ/- | မခိုင်သင်ဇာမွန် | ဦးလှသိန်းထွန်း |
| ၂.၄.၂၀၁၂ | ၁၃၀၀၀၀ဝိ/- | မစောမြတ်သူ | ဦးလှသိန်းထွန်း |
| ၁၅.၁၀.၂၀၁၂ | ၁၁၅၀၀၀ဝိ/- | မခိုင်သင်ဇာမွန် | ဦးလှသိန်းထွန်း |
| ၁၆.၁၀.၂၀၁၂ | ၇၇၀၀၀ဝိ/- | ဦးလှသိန်းထွန်း | မမူယာအောင် |
| ၅.၄.၂၀၁၂ | ၁၂၀၀၀၀ဝိ/- | မစောမြတ်သူ | ဦးလှသိန်းထွန်း |
| ၁၀.၆.၂၀၁၂ | ၃၅၀၀၀ဝိ/- | ဦးကောင်းထက်စံ | ဦးလှသိန်းထွန်း |
| ၂၃.၁၁.၂၀၁၂ | ၇၀၀၀၀ဝိ/- | မခိုင်သင်ဇာမွန် | ဦးလှသိန်းထွန်း |

အထက်ပါအထောက်အထားများအရ ဦးလှသိန်းထွန်းသည် တောင်းဆိုခြင်းခံရသူ ဦးစိန်ရွှေဝင်း၏ LEO Group ဆောက်လုပ်ရေးကုမ္ပဏီလုပ်ငန်းများနှင့်ပတ်သက်တာဝန်ယူဆောင်ရွက်ရသည့် အလုပ်သမားတစ်ဦးဖြစ်သည်ဟု မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ်ထားရှိမှုကို ကျွန်ုပ်တို့ခုံအဖွဲ့က မှန်ကန်ကြောင်းသုံးသပ်သည်။

(ခ) တောင်းဆိုခြင်းခံရသူ ဦးစိန်ရွှေဝင်းနှင့် တောင်းဆိုသူ ဦးလှသိန်းထွန်းတို့သည်ဆွေမျိုးသားချင်းပြဿနာဖြစ်၍စီးပွားဘက်လုပ်ကိုင်သူများ ဟုတ်/မဟုတ် သုံးသပ်ခြင်း။

22/1/2014

22-1-2014

ဦးစိန်ရွှေဝင်းနှင့် ဦးလှသိန်းထွန်းတို့သည် မိသားစုအရင်းများမဟုတ်ဘဲ ဦးစိန်ရွှေဝင်း၏ဖခင်နှင့် ဦးလှသိန်းထွန်း၏မိခင်တို့မှာ ဝမ်းကွဲတော်စပ်သူများဖြစ်၍ ၎င်းတို့မှာ ဝမ်းကွဲညီအကိုတော်စပ်သူများဖြစ်ကြောင်း ထွက်ဆိုတင်ပြထားသည်ကိုတွေ့ရှိရကြောင်း၊

သို့အတွက် ၎င်းတို့မှာတစ်မိသားစုတည်းအရင်းအချာများမဟုတ်သဖြင့် မိသားစုအဖြစ် တစ်စီးပွားတည်းလုပ်ကိုင်သူများမဟုတ်ကြောင်း၊ စီးပွားရေး သီးခြားစီဆောင်ရွက်ကြသူများဖြစ်ကြောင်းနှင့် လုပ်ငန်းနှင့်ပတ်သက်၍ အခကြေးငွေဖြင့် လုပ်ကိုင်ခြင်းသာဖြစ်ကြောင်း သုံးသပ်ထားသည့် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ်ထားရှိမှုကို ကျွန်ုပ်တို့ခုံအဖွဲ့က မှန်ကန်ကြောင်းသုံးသပ်သည်။

(ဂ) လုပ်အားခကျန်ငွေ ရရှိလိုကြောင်းတင်ပြသည့် ဦးလှသိန်းထွန်း၏ တောင်းဆိုလွှာတွင် အလုပ်စတင်လုပ်ကိုင်သည့် (၁၄.၁၂.၂၀၁၁)မှ ၂၀၁၃ ခုနှစ်၊ ဇီဇင်ဘာလ လက်ရှိအထိ လုပ်ခလစာတင်ပြတောင်းဆိုထားပြီး အမှန်တကယ် လုပ်ကိုင်ခဲ့သည့်ရက်မှာ (၂၀.၅.၂၀၁၃)နေ့အထိဖြစ်ကြောင်း ထွက်ဆိုထားသဖြင့် လုပ်ခလစာတွက်ချက်ရာတွင် (၁၄.၁၂. ၂၀၁၁)မှ (၂၀.၅.၂၀၁၃)ကာလအတွင်းသာ သတ်မှတ်တွက် ချက်ရန်ဖြစ်ကြောင်း သုံးသပ်ထားသည့် မန္တလေးတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်ကို ကျွန်ုပ်တို့ ခုံအဖွဲ့က မှန်ကန်ကြောင်းအသိအမှတ်ပြုသည်။ သို့သော်လည်း အခြားတစ်ဖက်တွင် မန္တလေးတိုင်း ဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသဖြင့် တောင်းဆိုသူ အလုပ်သမားက ခုံသမာဓိ ကောင်စီသို့ အယူခံလွှာလျှောက်ထားလာသည့် ကိစ္စကို ကျွန်ုပ်တို့ ခုံအဖွဲ့က အလေးအနက် ထားစဉ်းစား သုံးသပ်ပေးရန်လိုအပ်ကြောင်း ယူဆသဖြင့် ဦးလှသိန်းထွန်း၏တင်ပြချက်များအပေါ်တွင် အောက်ပါအတိုင်း စိစစ်သုံးသပ်လိုက်သည်-

(၁) ၁၉.၁၂.၂၀၁၃ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ထွန်း၊ အဖွဲ့ဝင် ဦးခင်မောင်လှနှင့် အဖွဲ့ဝင် ဦးကျော်ညွန့်တို့ပါဝင်သော ခုံအဖွဲ့ရှေ့မှောက်တွင် ကြားနာစစ်ဆေးစဉ် ဦးလှသိန်းထွန်းက ထွက်ဆိုခဲ့သည်မှာ " ကုမ္ပဏီမှ အလုပ်ထုတ်ခဲ့ခြင်း မရှိပါ။ လုပ်ခလစာကျန်ငွေကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ အလုပ်သမားရုံးသို့

21/1/2014

21-1-2014

တိုင်ကြားခဲ့သဖြင့် မိမိသဘောဆန္ဒအလျှောက်အလုပ်မှ ထွက်ခဲ့ခြင်းဖြစ်ပါသည်”ဟုထွက်ဆိုထားကြောင်းစိစစ်သုံးသပ်ရရှိသည်။

(၂) ဦးလှသိန်းထွန်း၏အယူခံလွှာ၌ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် လစာငွေ ၂၀၀၀၀/-ကျပ်တိုးပေးသည်ကို ယခင်လစာ ၇၅၀၀၀/-ကျပ်နှင့်ပေါင်းလျှင် ၉၅၀၀၀/-ကျပ်ဖြစ်ရမည့်အစား စတင်တိုင်တန်းသောအချိန်တွင် စိတ်မတည်မငြိမ်ဖြစ်နေသဖြင့် ကျပ် ၉၀၀၀၀/-ဟုမှားယွင်းပြီးရေးသားမိခြင်းကို ပြင်ဆင်ပေးပါရန် လျှောက်ထားမှုကိစ္စ၊ နှင့် အချိန်ကာလသတ်မှတ်ချက်အရ ဝန်ထမ်းများအားတိုးပေးသည့်လစာ ၃၀၀၀၀/-ကျပ်ကို ထည့်သွင်းစဉ်းစားပေးပါရန် ဦးလှသိန်းထွန်းက ကုမ္ပဏီ၏ ဝန်ထမ်းများသို့ လစာပေးမှုကို အောက်ပါအတိုင်း ဖော်ပြ၍ တင်ပြထားကြောင်းစိစစ်တွေ့ရှိသည် -

- အခြေခံလစာ အလုပ်စတင်ဝင်ရောက်သည့်နေ့မှ (၃)လအထိ - ၇၅၀၀၀/-
- လုပ်သက်(၃)လမှ (၆)လပြည့်လျှင် တိုးမြှင့်ပေးငွေ - ၂၀၀၀၀/-
- လုပ်သက်(၆)လမှ(၁)နှစ်ပြည့်လျှင် တိုးမြှင့်ပေးငွေ - ၃၀၀၀၀/-

(၃) ဖျန်ဖြေရေးအဖွဲ့သို့ ဦးလှသိန်းထွန်းတင်ပြစဉ်က ထုတ်ယူငွေကို ၄၅၈၀၀၀/- ဟုတင်ပြပြီး၊ ခုံသမာဓိအဖွဲ့သို့တင်ပြသည့် တောင်းဆိုလွှာတွင်မှားယွင်း၍ဟု အကြောင်းပြပြီး ထုတ်ယူငွေကို ၁၈၈၀၀၀/-ဟုပြင်ဆင်ပေးရန်တင်ပြထားကြောင်း စိစစ်တွေ့ရှိသည်။

(၄) ကုမ္ပဏီပိတ်ရက် အလုပ်ဆင်းနေ့ရငွေ တစ်နေ့-၅၀၀၀/-ကျပ်ပေးခြင်းနှင့် နယ်ဝေးရှားပါးစရိတ် တစ်လ ၁၅၀၀၀/-ကျပ်ပေးခြင်းအတွက် ထပ်မံဖြည့်စွက်တောင်းခံထားကြောင်းစစ်ဆေးတွေ့ရှိသည်။

အထက်တွင်ဖော်ပြပါရှိသည့် စိစစ်တွေ့ရှိချက်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း ကျွန်ုပ်တို့ခုံအဖွဲ့ကတစ်ညီတစ်ညွတ်တည်း သုံးသပ်လိုက်သည်။

- အထက်ပါ အပိုဒ်(က)၊ အပိုဒ်ခွဲ(၁) စစ်ဆေးတွေ့ရှိချက်အရ ဦးလှသိန်းထွန်း၏ လစာကြွေးကျန်ကိစ္စအား ၂၀.၅.၂၀၁၃ အထိသာ တွက်ချက်ပေးသင့်ကြောင်းနှင့် ကုမ္ပဏီ

ပိုင်ရှင်ဘက်မှ အလုပ်ထုတ်နစ်နာကြေးပေးရန် မလိုကြောင်း သုံးသပ်သည်။

- အထက်ပါအပိုဒ်(ဂ)၊ အပိုဒ်ခွဲ(၂) စစ်ဆေးတွေ့ရှိချက်အရ လုပ်ခလစာများယွင်းတင်ပြမှုကိုပြင်ဆင်ပေးသင့်ကြောင်း သုံးသပ်သည်။

- အထက်ပါအပိုဒ်(ဂ)၊အပိုဒ်ခွဲ(၃)၏ စစ်ဆေးတွေ့ရှိချက်အရ မူလတင်ပြသည့် ထုတ်ယူငွေ (၄၅၈၀၀၀/-)ကျပ်ကိုသာ အတည်ပြုသင့်ကြောင်း သုံးသပ်သည်။

- အထက်ပါအပိုဒ်(ဂ)၊ အပိုဒ်ခွဲ(၄)ပါ ထပ်မံဖြည့်စွက်တောင်းခံခြင်းကိစ္စ အားနောက်ကြောင်းပြန်ဖော်ပြတွက်ချက်ရန်အထောက်အထား ခိုင်လုံစွာတင်ပြထားခြင်းမရှိသည့်အတွက် တောင်းဆိုမှုကို ခွင့်မပြုသင့်ကြောင်း သုံးသပ်သည်။

(ဃ) ကျွန်ုပ်တို့ခုံအဖွဲ့သည် ယခုအမှုကိစ္စတွင် အလေးအနက်ထားစဉ်းစားသည်။ အလုပ်ရှင်/ အလုပ်သမားများ၏ ဆက်ဆံမှု အခြေအနေကို ဂဃနဏ လေ့လာစူးစမ်းသည်။ လုပ်ငန်းပိုင်ရှင်က မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖျန်ဖြေရန်(၆)ကြိမ်တိတိဆင့်ခေါ်ခြင်း၊ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ ကြားနာစစ်ဆေးရန် ပုံစံ(၈)ဖြင့် (၃)ကြိမ်တိတိဆင့်ခေါ်မှုများကို စာဖြင့်ငြင်းပယ်ခဲ့ကြောင်း အောက်ပါအတိုင်းစိစစ်တွေ့ရှိသည်။

(၁) အလုပ်ရှင် ဦးစိန်ရွှေဝင်းမှ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့သို့ (ရက်စွဲမပါ)စာဖြင့် တင်ပြချက်တွင် " လူကြီးမင်း၏ ဝင်စာအမှတ် - ၀၀၁/၃ - အလဆ(အမှု) ၂၀၁၃ (၇၀၄/၇၀၅)၊ ဒီဇင်ဘာလ ၄ ရက်စွဲပါ အငြင်းပွားမှု တောင်းဆိုလွှာ/ ချေပလွှာနှင့် စပ်လျဉ်း၍ - ချေပလွှာပေးပို့နိုင်ခြင်းမရှိ ကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်" ဟုလည်းကောင်း၊

(၂) မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၊ ဥက္ကဋ္ဌသို့ ပေးပို့သည့်စာတွင် "ကျွန်တော်သည် ချိန်းဆိုသောနေရာသို့ လာရောက်နိုင်ခြင်းမရှိကြောင်း လူကြီးမင်းအား လေးစားစွာဖြင့် အသိပေးအပ်ပါသည်" ဟုလည်းကောင်း၊

(၃) မန္တလေးတိုင်း၊ ခုံသမာဓိအဖွဲ့၏ ၆.၁.၂၀၁၄ နေ့စွဲပါ အမှုအမှတ်(၁၃/၂၀၁၃)အား ဆုံးဖြတ်ခဲ့သည့်ဆုံးဖြတ်ချက်တွင်

"ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ/ချေပလွှာ များပေးပို့ရန် အကြောင်းကြားခဲ့သော်လည်း တောင်းဆိုခြင်းခံရသူမှ ချေပလွှာပေးပို့လာမှုမရှိသည့်အပြင် ကြားနာစစ်ဆေးရန်(၃)ကြိမ်တိတိဆင့်ဆိုခဲ့ရာတွင် ဆင့်ဆိုသည့်နေ့ရက်များတွင် လာရောက်ရန်ပျက်ကွက်ခဲ့ကြောင်း" ဆုံးဖြတ်ချက်အပိုဒ်(၂)တွင် တွေ့ရှိရပြီး၊ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ကြားနာစစ်ဆေးရန်ဆင့်ဆိုသည့် ပုံစံ(၈)၏ သီးခြားဖော်ပြထားသည့် မှတ်ချက်တွင် " ကြားနာစစ်ဆေးရန်ဆင့်ဆိုခဲ့ရာတွင် တောင်းဆိုခြင်းခံရသူမှ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်စေလွှတ်၍သော်လည်းကောင်း၊ (၂)ကြိမ်ဆင့်ဆိုခဲ့ပြီးဖြစ်သော်လည်း လာရောက်ထွက်ဆိုတင်ပြမှုမရှိခြင်း၊ ယင်းအငြင်းပွားမှုနှင့်စပ်လျဥ်း၍ တင်ပြစာဖြင့်ဆွေးမျိုးသားချင်း ပြဿနာဖြစ်၍ ချေပလွှာပေးပို့နိုင်ခြင်းမရှိကြောင်းနှင့် ချိန်းဆိုသည့်နေ့ရက်တွင် လာရောက်နိုင်ခြင်းမရှိကြောင်းနှင့် အကြောင်းပြန်ကြားစာများသာပေးပို့ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယခုကြားနာစစ်ဆေးရန်ချိန်းဆိုသည့် တတိယအကြိမ်(နောက်ဆုံးအကြိမ်)တွင် လာရောက်ရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီ တောင်းဆိုခြင်းခံရသူ၏မျက်ကွယ်တွင်တစ်ဖက်သတ် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်" ဟုလည်းကောင်း၊

အသီးသီးဖော်ပြထားသည်ကိုစိစစ်သုံးသပ်တွေ့ရှိသည်။

ကျွန်ုပ်တို့ခုံအဖွဲ့၏အမြင်မှာ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့နှစ်ဦးသည်ဆွေမျိုးတော်စပ်သူများဖြစ်စေကာမူတောင်းဆိုတိုင်ကြားသူ၏တိုင်ကြားစာကိုမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ရှေ့မှောက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ရှေ့မှောက်တွင်လည်းကောင်း ဥပဒေကြောင်းအရ တရားဝင်ချေပခြင်းပြုသင့်ပေသည်။ မိမိ၏ တင်ပြချက်များမှန်ကန်အကျိုးသက်ရောက်မှုရှိခြင်း၊ မရှိခြင်းကိစ္စမှာ တိုင်ကြားသူရှိက ဆင့်ခေါ်စစ်ဆေးပေးရမည့် စစ်ဆေးရန်တာဝန်ရှိသောအဖွဲ့အစည်းများဖြစ်သည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီအဆင့်ဆင့်တို့ထံ လာရောက်အစစ်ဆေးခံရှင်းလင်းတင်ပြရန် တိုင်ကြားသူနှင့် တိုင်ကြားခြင်းခံရသူတို့နှစ်ဦးစလုံးတွင်တာဝန်ရှိပေသည်။ အကြောင်းမှာ အလုပ်

21/1/2014

21.1.2014

သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ(၂၀၁၂ ခုနှစ်)၊ ပုဒ်မ ၃၆၊ (က)အရ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ သို့မဟုတ် ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံသမာဓိကောင်စီ အဖွဲ့ဝင်များအား "အငြင်းပွားမှုအား ဖျန်ဖြေခြင်း၊ ဆုံးဖြတ်ခြင်း ဆောင်ရွက်နေစဉ်အတွင်း ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်" ဟုအတိအလင်း ပြဋ္ဌာန်းထား၍ဖြစ်ကြောင်း၊

ယခုဤအငြင်းပွားမှုကို အယူခံသဖြင့် စိစစ်နေသည့် ကျွန်ုပ်တို့ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ဝင်များသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအခန်း (၅)၊ ပုဒ်မ ၂၁(က)အရ သတ်မှတ်ပြဋ္ဌာန်းထားသည့် ခုံသမာဓိကောင်စီ၏ တာဝန်ဖြစ်သည့် ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ရာတွင် လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် သာတူညီမျှဖြစ်ရေး သဘောတရားများအပေါ် အခြေခံကာ သီးခြားလွတ်လပ်ပြီး ဘက်လိုက်မှုမရှိသော အဖွဲ့အစည်းဖြစ်ရပ်တည်ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပေရာ နှစ်ဖက်အမှုသည်များ၏ အခွင့်အရေးအရပ်ရပ်မျှတမှုကို အခြေခံ၍ ရှုမြင်သုံးသပ်ဆုံးဖြတ်ပေသည်။

အလုပ်ရှင် ဦးစိန်ရွှေဝင်းကခုံရုံးအဆင့်ဆင့်၏ ဆင့်ခေါ်မှုများ၊ ချေပလွှာတင်သွင်းရန် ငြင်းဆန်မှုများ ပြုလုပ်ခြင်းများကြောင့် ခုံသမာဓိအဖွဲ့မှ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ(၂၀၁၂ ခုနှစ်)၊ ပုဒ်မ ၁၆၊ (ခ) အရ တောင်းဆိုခြင်းခံရသူ၏ မျက်ကွယ်တွင် အငြင်းပွားမှုကို တစ်ဖက်သတ်စစ်ဆေးခဲ့ရသော်လည်းနှစ်ဖက်အမှုသည်များ အပေါ် လူမှုရေးတရားမျှတမှုအရ စီရင်ဆုံးဖြတ်ထားကြောင်း စိစစ်တွေ့ရှိရပေသည်။

သို့သော်လည်း တစ်ဖက်တွင် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေ(၂၀၁၂ခုနှစ်)နှင့်အလုပ်သမားရေး အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေများအရ ပြဋ္ဌာန်းထားချက်များအတိုင်း စီရင်ဆုံးဖြတ်ရန်တာဝန်မှာလည်း ကျွန်ုပ်တို့ တွင်ရှိနေပေသည်။ ထို့ကြောင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ(၂၀၁၂ ခုနှစ်)၊ အခန်း(၈)၊ တားမြစ်ချက်များခေါင်းစဉ်အောက်ရှိ ပုဒ်မ ၄၅ တွင် ပြဋ္ဌာန်းထားသည့် " မည်သူမျှ ခုံသမာဓိအဖွဲ့ သို့မဟုတ် ခုံအဖွဲ့၏ ရှေ့

21/1/2014

21.1.2014

မှောက်တွင် စစ်ဆေးခံရန် အကြောင်းကြားစာပေးပို့ခံရပါက သတ်မှတ်ထားသည့် အချိန်အတွင်း၌ ကိုယ်တိုင်လာရောက်ရန် ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ် စေလွှတ်ရန်ဖြစ်စေ ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ပျက်ကွက်ခြင်းမရှိစေရ" ဟူသော ဥပဒေ ပြဋ္ဌာန်းချက်နှင့် အလုပ်ရှင် ဦးစိန်ရွှေဝင်းမှာ ငြိစွန်းကြောင်းစိစစ်သုံးသပ်တွေ့ရှိသည်။

<u>ဆုံးဖြတ်ချက်အမှတ်(၁)။</u> တောင်းဆိုခြင်းခံရသူ ဦးစိန်ရွှေဝင်းက အလုပ်သမား ဦးလှသိန်းထွန်း ရရှိမည့်လုပ်ခလစာငွေများထဲမှ ထုတ်ယူခဲ့သောငွေများကို ခုနှိမ်၍ ကျန်ရှိသည့်၊ လုပ်အားခကျန်ငွေ(၁၂၄၆၁၉၁ိ.၅၄ါး)(ကျပ်တစ်ဆယ့်နှစ်သိန်း လေးသောင်းခြောက်ထောင်တစ်ရာကိုးဆယ့်သုံးကျပ် ငါးဆယ့်လေးပြားတိတိ)အား အပြည့်အဝပေးရန် မန္တလေးတိုင်း ဒေသကြီး ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၁၃/၂၀၀၃)ပါ ဆုံးဖြတ်ချက်ကို အောက်ပါဇယားအတိုင်းပြင်ဆင်၍ ဆုံးဖြတ်လိုက်သည်။

| လ/ခုနှစ် | ရရှိသည့်လုပ်ခလစာ | ထုတ်ယူငွေ | အသားတင်ရရှိမည့်လစာ | မှတ်ချက် |
|---|---|---|---|---|
| ၁၂/၂၀၀၁ | ၄၃၅၄၆ . ၃၈ါး | ၄၀၀၀၀ိ/- | ၃၅၄၆ .၃၈ါး | ၁၈ ရက် အတွက် |
| ၁/၂၀၀၂ | ၇၅၀၀၀ိ/- | ၇၀၀၀၀ိ/- | ၅၀၀၀ိ/- | - |
| ၂/၂၀၀၂ | ၇၅၀၀၀ိ/- | - | ၇၅၀၀၀ိ/- | - |
| ၃/၂၀၀၂ | ၇၅၀၀၀ိ/- | - | ၇၅၀၀၀ိ/- | - |
| ၄/၂၀၀၂ | ၇၅၀၀၀ိ/- | ၇၅၀၀၀ိ/- | - | - |
| ၅/၂၀၀၂ | ၇၅၀၀၀ိ/- | ၂၀၀၀၀ိ/- | ၅၅၀၀၀ိ/- | - |
| ၆/၂၀၀၂ | ၇၅၀၀၀ိ/- | - | ၇၅၀၀၀ိ/- | - |
| ၇/၂၀၀၂ | ၉၅၀၀၀ိ/- | - | ၉၅၀၀၀ိ/- | - |
| ၈/၂၀၀၂ | ၉၅၀၀၀ိ/- | ၂၈၀၀၀ိ/- | ၆၇၀၀၀ိ/- | - |
| ၉/၂၀၀၂ | ၉၅၀၀၀ိ/- | ၇၅၀၀၀ိ/- | ၂၀၀၀၀ိ/- | - |
| ၁၀/၂၀၀၂ | ၉၅၀၀၀ိ/- | ၂၀၀၀၀ိ/- | ၇၅၀၀၀ိ/- | - |
| ၁၁/၂၀၀၂ | ၁၂၅၀၀၀ိ/- | - | ၁၂၅၀၀၀ိ/- | - |
| ၁၂/၂၀၀၂ | ၁၂၅၀၀၀ိ/- | ၉၀၀၀၀ိ/- | ၃၅၀၀၀ိ/- | - |
| ၁/၂၀၀၃ | ၁၂၅၀၀၀ိ/- | - | ၁၂၅၀၀၀ိ/- | - |
| ၂/၂၀၀၃ | ၁၂၅၀၀၀ိ/- | - | ၁၂၅၀၀၀ိ/- | - |
| ၃/၂၀၀၃ | ၁၂၅၀၀၀ိ/- | - | ၁၂၅၀၀၀ိ/- | - |
| ၄/၂၀၀၃ | ၁၂၅၀၀၀ိ/- | ၂၀၀၀၀ိ/- | ၁၀၅၀၀၀ိ/- | - |
| ၅/၂၀၀၃ | ၈၀၆၄၅ . ၁၆ါး | ၂၀၀၀၀ိ/- | ၆၀၆၄၅.၁၆ါး | ၂၀ ရက် အတွက် |
| စုစုပေါင်း | ၁၇၀၄၁၉၁ိ. ၅၄ါး | ၄၅၈၀၀၀ိ/- | ၁၂၄၆၁၉၁ိ.၅၄ါး | |

24/1/2014

24. 1. 2014

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၃။ လုပ်ခကျန်ငွေတောင်းခံသူ ဦးလှသိန်းထွန်းအား ပေးရန်ဆုံးဖြတ်လိုက်သောငွေများကို ဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။ ငွေပေးသွင်းရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေအပိုဒ် ၂၉ အရ မြေခွန်မပြေကျန်ငွေကဲ့သို့အရကောက်ခံရမည်။

၄။ တောင်းဆိုခြင်းခံရသူ အလုပ်ရှင် ဦးစိန်ရွှေဝင်းသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ၂၀၁၂ ခုနှစ်၊ အခန်း(၈)၊ တားမြစ်ချက်များခေါင်းစဉ်အောက်ရှိ ပုဒ်မ ၄၅ နှင့်ငြိစွန်းသဖြင့်၊ ယင်းဥပဒေအခန်း (၉)၊ ပုဒ်မ ၄၈ အရ ဦးစိန်ရွှေဝင်းအား အရေးယူဆောင်ရွက်ရမည်။

| ဦးထွန်းအေး | ဦးခင်မောင်ရီ | ဦးဇော်ဝင်းထွန်း |
|---|---|---|
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| 21/1/14 | ၂၁/၁/၂၀၁၄ | 21.1.2014 |